# ရှမ်းရပ်ဝန်း

ကျေးလက်က မီးအိမ်ရှင်



## အခန်း(၁)

လူတစ်ယောက်စီ တစ်ယောက်စီတိုင်းမှာ သူ့အပေါ်ကောင်းတဲ့ သူနှစ်ယောက် အမြဲရှိပါ တယ်။ အဲဒါကတော့ မိနဲ့ဘပဲပေ့ါ။ မိနဲ့ဘမှာတောင် ရင်မှာလွယ်၍ နှလုံးသွေးချင်းဆက်ကာ မွေးထုတ်ထားသော မိခင်က ပို၍ မေတ္တာတရား ကြီးမားပါတယ်။ ဒါက ယေဘုယျ ပြောတာပါ။ တချို့ အယောက်တစ်သိန်းမှာ တစ်ယောက် တာဝန်မဲ့သော မိဘမျိုးလည်း ရှားရှားပါးပါး ရှိတတ်ပါတယ်။ တာဝန်မဲ့ချင်မဲ့မည်။ မေတ္တာတော့ မမဲ့ဘူးလို့ထင်ပါတယ်။

မိခင်နှင့် ဖခင်မှာ မိခင်က ပိုကောင်းတာ ရှိသလို ဖခင်လောက်တောင် မကောင်းပေးနိုင်တဲ့ မိခင်မျိုးတွေလည်း ရှိတတ်ပါတယ်။

ဒါလည်း ရှားပါတယ်။ ရှိတော့ရှိတယ်ပေ့ါ။

စရိုက်တော်တော်ဆိုးတဲ့သူ၊ ဗီဇသန္ဓေမကောင်းတဲ့ သူတွေကလွဲရင် ကျန်တဲ့သူတော် တော်များများ၊ တစ်ရာမှာ 99.99%လောက်ကတော့ မိကောင်း ဘကောင်းတွေပါပဲ။

သားသမီးကို သိပ်ချစ်ကြတဲ့အခါ ချစ်ခြင်းမေတ္တာနဲ့အတူ အတ္တတွေလည်း ကြီးလာ တတ်ကြပါတယ်။ တော်တန်ရုံငါစွဲမရှိသူတွေတောင် သားသမီးနဲ့ ပတ်သက်လာတဲ့အခါ ငါ့ သားငါ့သမီးဆိုပြီး အတ္တတွေ စွဲလာပါတော့တယ်။ တချို့ဆို သတိလက်လွတ်နဲ့ သားသမီး ဘာလုပ်လုပ် အလိုလိုက် အချစ်ပိုကြပါတယ်။ ဒါပေမဲ့ အချစ်ပိုရာ မရောက်ဘဲ အချစ်မှားကာ နှစ်သလိုဖြစ်သွားတတ်တာကိုတော့ သတိမထားမိကြဘူးပေ့ါ။

တကယ်တော့ ဘယ်အရာမှ အစွန်းမရောက်သင့်ပါဘူး။ သားသမီးကို

တကယ်ချစ်ရင် ရေရှည်ကောင်းစားဖို့ ဖြည့်ဆည်းပေးရမှာပါ။ ခဏတာ စိတ်ချမ်းသာဖို့ထက် တစ်ဘဝစာ စိတ်ချမ်းသာဖို့ ပြုစုပျိုးထောင်ပေးရမှာပါ။

သားသမီးဆိုတာ သက်မဲ့အိုးတစ်လုံး မဟုတ်လို့ နာနာရိုက်ဆုံးမစရာ မလိုပါဘူး။ ဒါပေမဲ့ မိဘဆိုတာ ကိုယ်မွေးထားတဲ့ သားသမီးရဲ့စရိုက်ဗီဇကို လေ့လာပြီး ဘေးကနေ မသိမသာ ထိန်းကျောင်းတည့်မတ်ပေးရမှာပါ။

လူတစ်ယောက်နဲ့တစ်ယောက် စရိုက်မတူ အကြိုက်မတူနိုင်ပါဘူး။

မိဘအနေနဲ့ ကိုယ်ဖြစ်ချင်တာကို အတင်းပုံသွင်းလို့ မရပါဘူး။ သူ့ဝါသနာနဲ့ သူ့ဗီဇ သူ့ကံကြမ္မာဆိုတာတွေကိုလည်း ထည့်တွက်ပေးရင်တော့ မိဘတွေရဲ့အတ္တတွေ လျော့ပါးသွားနိုင် သလို ပူလောင်စိတ်ဆင်းရဲမှုတွေလည်း လျော့ပါးသွားနိုင်ပါတယ်။

သားသမီးနဲ့မိဘရဲ့ ဆက်ဆံရေးလည်း လိုက်လျောညီထွေ ဖြစ်လာနိုင်ပါတယ်။

ဒါပေမဲ့ မိဘတွေဘက်ကသာ စုန်ရေတွေ၊ အားပါးတရ စီးဆင်းနေပေမယ့် မိဘကို ပြန်ပြီး တလေးတနက် ထားတဲ့ သားသမီးတွေ တဖြည်းဖြည်း နည်းလာတာလည်း စိတ် မကောင်းစရာပါပဲ။ အများစုက ကိုယ့်အိမ်ထောင်ဘက်နဲ့ ကိုယ့်သားသမီးကိုသာ အလေးထား နေကြတာ များပါတယ်။

မိဘအပေါ် သိတတ်တဲ့ သားသမီးတွေလည်းရှိပါတယ်။

မိဘနှင့် သားသမီးကြားမှာ အကောင်းဆုံး မေတ္တာဖွဲ့စည်းမှုလေးရှိဖို့ ဆိုတာ ငယ်စဉ်က တည်းက ပြုစုခဲ့တဲ့ မိဘအပေါ်မူတည်ပါတယ်။

ကိုယ့်သားသမီးကို တကယ်ချစ်ရင် အတ္တမကြီးစေနဲ့။ လောဘ၊ ဒေါသတွေ မကြီးစေနဲ့။ ဖြူဖြူစင်စင်နေတတ်ဖို့ သင်ပေးရမပါမယ်။

တကယ်တော့ မိဘတွေကောင်းရက်နဲ့ သားသမီး အပေါ် ပြုစု ပျိုးထောင်တာ မှန်ရက် သားနဲ့ အသိတရားမရှိတဲ့ စုန်းပြူးသားသမီးမျိုးတွေလည်း ရှိတတ်ပါတယ်၊ အတိတ်ကံ အကျိုး ဆက်တွေပေ့ါ။

***

"ရွာတောင်ပိုင်းက ဖြူဖြူအေး လင်နောက်လိုက်သွားလို့တဲ့"

"ဟယ်. . .မတုတ်သမီး ဖြူအေးလား"

"ဟုတ်ပ့ါ"

"ငယ်သေးတယ်မို့လား"

"အသက်တော့ပြည့်ရောပေ့ါ၊ ဆယ်တန်းသုံးခါကျထားတာကို "

"ဘယ်သူနဲ့တုံး"

"ဖိုးချစ်နဲ့"

"ဟယ်. . ဖိုးချစ် ၊ ဒီကောင်က အရိုးရင့်နေပြီ၊ ဟိုကလေးမက ခုမှ လူဖြစ်တာ"

"အဲဒါက အရေးမကြီးဘူး။ ဖိုးချစ်အမေကြီးက စီးမှစီး။ ဘာသံတွေ ကြားရဦးမလဲ မသိဘူး၊ ပြီးတော့ ဖိုးချစ်က ခွက်ပုန်း၊ ဖြူအေးတော့ ဒုက္ခပဲ"

"ဖိုးချစ်က အလုပ်တော့လုပ်ပါတယ်၊ သူ့အိမ်ကလယ်တွေ သူပဲလုပ်နေတာ"

"ဒါက အမြင်ကိုးအေ့ ။ လယ်က ထွက်သမျှ တဝက်လောက်

အရက်ဆိုင်ရောက်နေ တာ။ သူများတွေ စပါးတွေ ဘယ်လောက်ရရ သူ့လယ်ဘယ်တော့မှ အထွက်တိုးတယ်မရှိဘူး၊ ဘယ်နှယ့် တိုးသမျှ အရက်ဆိုင်ရောက်နေတာ”

ကိစ္စဝိစ္စ တစ်ခုခုပေါ်လာပြီဆို သူများမကောင်းကြောင်း ကိုယ့်ကောင်းကြောင်း နည်းနည်းဖြစ်ဖြစ် ပြောတတ်တာ ဂသီဗီဇ ဖြစ်နေကြသည်။

ခိုးရာလိုက်ပြီဆိုရင် ပြန်မအပ်မချင်း အတင်းစကားတွေ အမျိုးမျိုး ပြန်အပ်ပြီဟော့ ဆိုဂှင်လည်း နားစွင့်နေကြသည်။ ဘာများ မပြေမလည် ပြဿနာတက်ကြမလဲပေါ့

ဘုရားရှိခိုးရင်သာ အေးချမ်းပါစေဆိုပြီး မေတ္တာတွေ ပို့နေတာ တကယ်တမ်းကျတော့ အများစုက မပြေလည်လို့ ပြဿနာဖြစ်ကြပြီဟော့ဆို ဝမ်းသာအားရ ဖြစ်ကြတာများပါတယ်။

ခုလည်း ခွက်ပုန်းဖိုးချစ်နဲ့ ဆယ်တန်းသုံးခါကျ ဖြူဖြူအေးတို့ကို ပိုးစိုးပက်စက် ကဲ့ရဲ့ နေလိုက်ကြတာ။

ဖိုးချစ်ရဲ့ အမေကြီးကိုလည်း ဘေးတီးပေးကြသည်။

“ပြန်အပ်တာတော့ ထုံးစံအတိုင်း အပ်ပေးရမှာပေါ့၊ သူတို့သမီးက ခိုးရာလိုက်တာ။ ဒေါ်ဘုတ်ဆုံက နေသာသမှ စင်ပေါ်ကပဲနော်”

“ဒါပေါ့အေ၊ သဘောလောက်ပဲရမယ်၊ ငဲ့သားဖိုးချစ်ကို မိန်းမပေးစားချင်တာ ကြာပြီ။ ဒါပေမဲ့ တောင်းပေးရမယ်ဆို အကုန်အကျများနေမှာ။ ခုလို သူ့ဘာသာခိုးပြေးတော့ အဆင်ပြေသွားရော။ ဖြူအေးတို့ ဘက်က ကျေနပ်နပ် မနပ်နပ် ခိုးရာလိုက်ပြီးသွားပြီဆိုတော့ ငါလုပ်ပေးသမျှပဲပေါ့အေ”

သူ့သားနဲ့ ချွေးမ ပြန်လာတော့ ဒေါ်ဘုတ်ဆုံက လိုက်အပ်ပေးဖို့ လုပ်ရသည်။ မုန့်ကွဲ့ သဲ လေးတစ်အိုးထိုးပြီး ခေါင်းပေါ်ရွက်ကာ

သွားစကားပြောသည်။

“ဒီနှစ် လယ်ထွက်ဆုတ်လို့ ငါလည်း အဆင်မပြေတာ မဟုတ်ဘူး၊ ဒီကြားထဲခိုးလာတော့ လည်း မတတ်နိုင်ဘူးပေါ့၊ မရှိ ရှိတာနဲ့ လုပ်ပေးရမှာပေါ့”

“အသင့်အတင့်လေးနဲ့ လူမြင်ကောင်းအောင်တော့ လုပ်ပေးပါ မဘုတ်ဆုံရယ် ”

သမီးရှင်က မျက်နှာအောက်ချ တိုးလျှိုးလို့။

“အေးပေါ့အေ၊ တတ်နိုင်သလောက် ကြည့်လုပ်ပေးမှာပေါ့”

“အစားအသောက်တော့ ကျွေးချင်တာကျွေးပါ၊ အိပ်ရာခမ်းနားလေးတော့ ပြည့်ပြည့်စုံစုံ.”

“နေပါဦးအေ့ . .ပြည့်ပြည့်စုံစုံဆိုတာက ဘာလဲ”

“ခုတင် ဗီရိုလေးတွေပါ”

“အိုး. . .ပေါက်ပေါက်ရှာရှာ။ ခုတင်က ငါ့အိမ်မှာ ရှိတဲ့ ခုတင်နဲ့ လာဆင်ပေးမှာ။ ဗီရို မထည့်ပေးနိုင်ဘူး။ ညည်းတို့ သမီးကို လာတောင်းနေတာ မဟုတ်ဘူး။ ကျုပ်သားက ခိုးလာလို့ မဖြစ်မနေ လာလုပ်ပေးရတာ ။ ကျုပ်တတ်နိုင်သလောက်ပဲ လုပ်ပေးနိုင်မယ်”

“ခုတင်ရှိတယ်ဆိုလည်း ဗီရိုလေးတော့ ထည့်ပေးပါ မဘုတ်ဆုံရယ်၊ ကျွန်းဗီရို မဟုတ်ပါဘူး။ ဈေးဗီရိုအဖြစ်ကလေးပဲ ဖြစ်ဖြစ်ပေါ့”

“မထည့်ပေးနိုင်ဘူလို့ ပြောပြီးပြီ။ ငါလည်းအဆင်မပြေလို့ပါ။ အဆင်ပြေရင် ထည့်ပေးပါ တယ်။ ဒီလောက်မပြောရပါဘူး။ ငါတို့က ခမည်းခမက်တွေ ဖြစ်နေပြီ။ ရှေ့ဆက် အမျိုးတော် ရမှာ၊ မျက်နှာပျက်အောင် မလုပ်ပါဘူး။ ငါတကယ်အဆင်မပြေလို့”

အဆင်မပြေတဲ့ သူက လည်ပင်းမှာ သုံးကျပ်သားဆွဲကြိုးကြီးနဲ့ပါ။

“အကျွေးအမွေးကရော”

“ပေါင်မုန့် အုန်းနို့ဆမ်းပဲပေ့ါ”

“မဘုတ်ဆုံရယ် . . အိပ်ရာအခမ်းအနားလည်း မပြည့်စုံ ကျွေးတာကျတော့လည်း. . .”

“လင်နောက်လိုက်တာပဲအေ။ ဒီလောက်တော့ ရှိမှာပေ့ါ ။ ကဲပါ ငါ အဝတ်အစားလေး တော့ ကောင်းကောင်းချုပ်ပေးပါမယ်”

ခိုးရာလိုက်ထားတော့ မယူလို့ မရတော့ ။ သတို့သားရှင် ဆုံးဖြတ်သမျှ ခေါင်းငိုက်စိုက် ချရတဲ့အဖြစ်။

အဝတ်အစားလည်း ကောင်းကောင်းမချုပ်ပေးဘဲ တော်ရိလျော်ရိနဲ့ ပြီးသွားသည်။

ဒါတွေက ဖြစ်နေကျပါ။

လွယ်လွယ်နဲ့ ခိုးပြေး။ လိုက်တဲ့သူကလည်း မစဉ်းမစားလိုက်။ ပြီးတော့ အဖြစ်ကလေး မင်္ဂလာဆောင်ကြ။ သတို့သားဘက်က စင်ပေါ်က။

တစ်ခါတစ်လေတော့လည်း စဉ်းစားမိတယ်။ အိမ်ထောင်တစ်ခု သာယာခိုင်မာဖို့ မင်္ဂလာ ဧည့်ခံပွဲက အရေးကြီးသလား။ တကယ်တော့ ဂုဏ်ပကာသနတွေရယ်ပါ။

ဒါပေမယ့် ပတ်ဝန်းကျင်နဲ့ လူ့အသိုင်းအဝိုင်းက အဲဒီ ပကာသနပွဲကြီးကို မဖြစ်မနေ အသိအမှတ်ပြုထားကြတော့ လည်း ခက်သားပဲ။

အဲဒီ တော့ ဂုဏ်သရေရှိရှိ တင့်တယ်ချင်ရင် ခိုးရာမလိုက်ကြဖို့ လိုပါတယ်။ မိန်းကလေး သတိထားမိဖို့ပါ။

***

အခုအခါ ကျေးလက်တောရွာတွေမှာ လိုင်စင်မဲ့အရက်ပုန်းဆိုင်တွေ တော်တော်များပါ တယ်။ အဂ္ဂက်ပုန်းဆိုင်သာ ဆိုတာပါလေ။ လမ်းဘေးမှာ ပေါ်တင်ဆိုင်ဖွင့်ရောင်း နေကြတာပါ။ ယစ်မျိုးက လိုင်စင်စစ်မယ်။ တချို့ကျတော့လည်း လိုင်စင်တစ်ခုနဲ့ သုံးလေးဆိုင်ပေါင်းပြီး လုပ် စားကြတာမျိုးလည်း ရှိတာပေ့ါလေ။

အရက်ပုန်းလို့ခေါ်တဲ့ ချက်အရက် အဆီတစ်ဆရေလေးဆရောပြီး ရောင်းကြတာပေ့ါ။ ချက်အရက်ဆိုတာလည်း နှစ်ချို့နှပ်ထားတာမျိုး မဟုတ်ဘဲ လက်ပူတိုက် ချက်ထားတာတွေ။

ဝယ်လိုအားက အရမ်းများနေတော့ နှပ်ဖို့မပြောနဲ့ လက်ပူတိုက်ချက်တာတောင် မလောက်နိုင်။ ဒီတော့ ရောင်းတဲ့ သူကတော့ မြတ်တာပေ့ါ။ သောက်တဲ့သူတွေအတွက် ကျန်း မာရေးကို ဆိုးဆိုးရွားရွား ထိခိုက်လာတော့သည်။ အသည်းရောဂါဖြင့် သေတာကတစ်မျိုး၊ အဂ္ဂက်ကြောင့် ကြောင်ပြီး ဂေါက်ပြီးရွာသာကြီးရောက်ကုန်တာလည်း မနည်းဆိုပါတော့။

ခက်တာက တောရွာတွေမှာ လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှု လုံးဝမထွန်းကားဘဲ အဂ္ဂက်ဖြူယဉ်ကျေးမှုပဲ ထွန်းကားနေကြသည်။

အရက်စွဲနေတဲ့ လူငယ်အဂ္ဂက်သမားတွေ များပြားလာတာဟာ ကောင်းသောလက္ခဏာ မဟုတ်ပါ။

လက်ဖက်ဂ္ဂည်ဆိုင် ဖွင့်ရင်လည်း ဘယ်သူမှသောက်မယ့်သူမရှိ၊ နောက်ဆုံးလက်ဖက် ရည်ဆိုင်ကနေ အဂ္ဂက်ဆိုင်ပြောင်းဖွင့်ရတဲ့ကိန်းပဲ ဆိုက်ကုန်ကြသည်။

စားဝတ်နေရေးကုန်ဈေးနှုန်းတွေ တက်မယ့်အစား အဂ္ဂက်ဈေးတွေ တက်စေချင်သည်။ အဂ္ဂက်ဈေးတွေ တက်အောင်အစိုးရက လိုင်စင်ကြေးတွေ တက်စေချင်သည်။ လိုင်စင်မရှိတဲ့ ဆိုင်တွေကို ထိရောက်စွာ အရေးယူစေချင်သည်။ အရက်ဆိုင်ပိုင်ရှင် တွေကို မုန်းလို့မဟုတ်။ အရက်သောက်သူ လျော့သွားစေချင်လို့။

အခုက အရက်ဈေးတွေ သိပ်ပေါလွန်းနေသည်။ အပေါစားအဂ္ဂက်တွေကို တစ်ရာဖိုးက အစ ဝယ်သောက်လို့ရနေသည်။ လွယ်လွယ်နဲ့ ဝယ်လို့ရ၊ ဈေးပေါပေါနဲ့ ဝယ်လို့ရနေတော့ အဂ္ဂက်သောက်သူတွေ များပြားလာသည်။ ကျေးလက်တောရွာတွေမှာ အရက်သမားတို့သည် အလုပ်ပင်ပန်းလို့ သောက်ကြသည်။ မင်္ဂလာဆောင်ရှိရင်လည်းသောက်၊ အသုဘရှိလည်း သောက်၊ ရဟန်းခံရှင်ပြုပွဲလည်း အရက်သောက်ကြသည်။ သင်္ကြန်လို ပျော်ပွဲ ရွှင်ပွဲဆို ဆိုဖွယ် ရာမရှိ။ ဘုရားပွဲရှိလည်းသောက်၊ တန်ဆောင်တိုင်လည်းသောက်၊ ဗုဒ္ဓဘာသာတွေဖြစ်ပြီး ကိုယ် နဲ့ ဘာမှမဆိုင်တဲ့ ခရစ်စမတ်လည်းသောက်၊ နှစ်သစ်ကူးပြန်တော့လည်း happy new year အော်ပြီး သောက်ကြပြန်သည်။

အကြောင်းအမျိုးမျိုးနဲ့ သောက်လိုက်ကြတာ အဂ္ဂက်စွဲပြီး အရက်ရဲ့ ကျေးကျွန်ဖြစ်လာ သောအခါ မနက်လည်းသောက် ညလည်းသောက် ဆိုသလို အဂ္ဂက်နဲ့ မျက်နှာသစ်ကာ အ ရက်ဖြင့် အိပ်ရာဝင်ကြတော့သည်။

ဆိုးရွားတာက သူရာမေရိယကို တားမြစ်သော ဘာသာရေးပွဲတွေမှာ သောက်တာ တော်တော်ဆိုးပါသည်။

ခုလည်း ဖိုးချစ်နဲ့ ဖြူအေးတို့ မင်္ဂလာဆောင်မှာ မင်္ဂလာဆောင်ကတိုက်တဲ့ အဂ္ဂက်ကို သောက်ပြီး ရန်ဖြစ်ကြ၊ ရိုက်ကြ နှက်ကြ။

***

ဖိုးချစ်မိခင် ဒေါ်ဘုတ်ဆုံမျက်နှာမည်းနေပါသည်။

မင်္ဂလာဆောင်က မြတ်ပါသည်။ သို့သော် ထိုမြတ်တဲ့ ပိုက်ဆံကို မင်္ဂလာဆောင်မှာ ရန်ဖြစ်လို့ ခေါင်းကွဲသွားတဲ့သူကို ဆေးကုပေးလိုက်ရတာ ကုန်မခန်း ဖြစ်သွားသည်။

ဘာပဲဖြစ်ဖြစ် မင်္ဂလာပွဲကတော့ ပြောပြောဆိုဆို ပြုတ်စဗျင်းတောင်းနဲ့ပဲ ပြီးသွားပြီ။

ပြီးလည်းပြီးရော သတို့သားနဲ့ သတို့သမီး မှာ ခါလီ။

လက်ဖလာကိုယ်စီနဲ့ ဘဂစရတော့မည်။ ဖိုးချစ်က တစ်ဦးတည်းသော သားမို့ မိဘအိမ် ကပ်နေဖို့ပဲ စဉ်းစားထားပြီးသား။

ဒေါ်ဘုတ်ဆုံကလည်း ချွေးမကို ခိုင်းဖို့ အဆင်သင့် ပြင်ထားပြီးသား။

ဖိုးချစ်ကို ယုံမှတ်လို့ ပုံအပ်တဲ့ ဖြူဖြူအေး တစ်ယောက်တော့ ဒုက္ခတွေကို သုခလို့ ထင်နေတုန်း။

ဖြူဖြူအေး အဖြစ်ကို ကြည့်ပြီး သမီးရှင်တွေက ဖြူဖြူအေးကို ပမာပြုပြီး သမီးတွေကို ဆုံးမကြသည်။

“ခိုးရာမလိုက်နဲ့နော်။ ခိုးရာလိုက်ရင် ဖြူဖြူအေးလိုပဲ ခံရမှာ ၊ မိန်းကလေးဆိုတာ တစ်သက်မှာ တစ်မင်္ဂလာပဲရှိတာ ။ မင်္ဂလာဆောင်ပြီးတာနဲ့ အိမ်ထောင်ဆိုတဲ့ ထောင်ကြီးထဲ မှာ တစ်သက်တစ်ကျွန်းကျတော့မှာ။ သေမှလွတ်မှာနော်။ မင်္ဂလာဆောင်လေးတစ်ခုပဲ ပျော်စ ရာကောင်းတာ။ ဖြစ်နိုင်ရင် တစ်သက်လုံး လင်မယူဘဲ အပျိုကြီး လုပ်နိုင်ရင် ပိုတောင်ငြိမ်းချမ်း သေးတယ်”

မအေက ပြောလို့သာ ငြိမ်နေဂတာ၊ စိတ်ထဲမှာတော့ အမေတို့တောင်

ယူသေးတာပဲဟု ပြန်ပြောတတ်ကြစမြဲပါ။

လူကြီးမိဘတွေက သမီးမိန်းကလေးတွေကို ခိုးရာမလိုက်ဖို့ တားမြစ်ဆုံးမကြပေမယ့် နှစ်ဆယ့်တစ်ရာစု ရွာသားတွေက လည်မှလည်။ တောင်းယူရင် စရိတ်စက ပိုကျမှာစိုး၍ သူတို့ ကြိုက်ပြီဆိုရင် ခိုးပြေးဖို့ပဲ စဉ်းစားကြသည်။

အတာက မိန်းကလေးတွေ၊ ယောကျ်ားတွေ လျှာအရိုးမရှိ ပြောတိုင်း ယုံတတ်ကြသလို အထိအတွေ့ကိုလည်း မရှောင်နိုင်ကြ။ ယောကျ်ားလေးတွေ ပလီပလာပြောရင် မိန်းကလေး တောင် လိုက်မမီပါ။ ယောကျ်ားနဲ့ မိန်းမမှာ ယောကျ်ားတွေက ပိုပြီးကတိပေးလွယ်တတ်သလို ကတိလည်း ပျက်လွယ်ပါသည်။

မရခင် ဖျာလိုလိပ် ခေါင်းပေါ်တင်ပြီး ရပြီးရင်တော့ ဖျာလိုခင်းပြီး နင်းတတ်တာလည်း ယောကျ်ားတွေပါပဲ။

အသောက်အစား မကင်းသူ၊ လောင်းကစားမွေ့လျော်သူ၊ မကြာခဏရန်ဖြစ်တတ်သူ စသဖြင့် အရပ်ထဲမှာ ဆိုးသွမ်းသူဟု အများက သတ်မှတ်ထားသော ယောကျ်ားမျိုးကို ကိုယ့် လက်ထဲရောက်မှ ပြင်မယ်ဟုတော့ လုံးဝမဆုံးဖြတ်သင့်ပါ။ လူတစ်ယောက်ရဲ့ ဗီဇအကောင်းအ ဆိုးကို ဘေးလူတစ်ယောက်က ပြုပြင်ဖို့ မလွယ်ကူလို့ပါပဲ။

ကိုယ့်ကိုချစ်ရင် ပြင်မှာပဲလို့ ထင်ရင်တော့ မှားမှာ သေချာသလောက်ရှိနေပါပြီ။

ထိုသို့ လူဆိုးကလေးများနှင့် ကြိုက်တာကိုသိရင် လူကြီးမိဘတွေက တားမြစ်ဆုံးမသော် လည်း တားကာမှ ပိုဆိုးကာ ဇွတ်တိုးသွားသော ဒုက္ခသည်လေးတွေလည်း ရှိတတ်ပါသည်။ အချစ်မှာ မျက်စိမရှိဘူးလေ။

*

## အခန်း(၂)

မေသရဖီတဲ့။

ပညာတတ်ဆရာဝန်မလေး။

ရွာမှာ ရှားရှားပါးပါး တစ်ဦးတည်းသော ဆရာဝန်မလေး။

ကျေးလက်တောရွာတွေမှာ ဆရာဝန်တွေက ရှားပါးလှပါသည်။ ရှားဆို မရှိသလောက်ပါ ပဲ။ အရေးပေါ် ကျန်းမာရေး ကိစ္စပေါ်ပေါက်လာပါက ရွာမှာတာဝန်ကျတဲ့ သားဖွားဆရာမနဲ့ ကျန်းမာရေးမှူးကိုသာ အားကိုးနေရသည်။ ဆရာဝန်မရှိတာထက်စာရင် တော်သေး၏ ဟု မှတ် ကာ ပြရတာ ။ တချို့စစ်တပ်ကနေ အငြိမ်းစားယူလာတဲ့ ဆေးမှူးတွေ ကွန်ပေါင်ဒါတွေကလည်း လုပ်စားနေတော့ နီးစပ်ရာ အားကိုးကြတာပေါ့။

ဒီတော့ ကျန်းမာရေး ထိခိုက်လာပြီဆိုရင် ပိုက်ဆံတတ်နိုင်တဲ့သူကတော့ မြို့ကိုပြေးပြီး ဆရာဝန်ပြကြသည်။

မတတ်နိုင်သူတွေကတော့ ရွာမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းနဲ့ပဲပြ။ ရောဂါသေးသေးမွှား မွှားဆိုရင်တော့ ရောဂါပျောက်၊ရောဂါကြီး ရင့်ရင်တော့ အသက်ပျောက်ပေါ့။

ဒီလိုနဲ့ မသေသင့်တဲ့ သေရတာ တွေလည်း အများကြီးပါ။

မေရဖီ ဆေးကျောင်းတက်ဝင်ခွင့် ရတော့ အပျော်ဆုံးက တစ်ရွာလုံးပေါ့။

မေသရဖီကိုလည်း ဝိုင်းဝန်းထောက်ပံ့ကြသည်။

ဒါပေမဲ့ ဆေးကျောင်းတက်မယ် ဆိုကတည်းက ရွာကရပ်မိရပ်ဖတွေနဲ့

ရွာသားတွေက မေသရဖီကို ရွာဦးကျောင်း ဆရာတော်ရှေ့မှာ ကတိတွေ ကောင်းခဲ့ကြသည်။

ဆရာဝန်ဖြစ်ရင် ရွာမှာပဲ ဆေးခန်းထိုင်ဖို့။ ရွာကနေဘယ်ကိုမှ မပြောင်းဖို့။ တစ်နယ်သားနဲ့ အိမ်ထောင်ရက်သားကျခဲ့ရင်တောင် လိုက်မသွားပဲ ရွာမှာပဲ အခြေချဖို့ စသဖြင့် လူကြီးတွေက အမျော်အမြင်ကြီးစွာဖြင့် ကတိတွေ တောင်းခဲ့ကြသည်။

မေသရဖီ မိဘတွေကတော့ သဘောတူသည်။ သူတို့ သမီးကို ရွာမှာပဲ ဆေးကုသစေ ချင်ကြသည်။ ပြီးတော့ မေသရဖီမိဘတွေလည်း လက်လုပ်မှ ပါးစပ်လှုပ်ရတဲ့ ဘဝဆိုတော့ သူတို့ သမီးလေးကို ဆေးကျောင်းမထားပေးနိုင်၍ ရွာကဝိုင်းဝန်းထောက်ပံ့ပေးကြမှာဆိုတော့ ရွာသဘောပေါ့။ မေသရဖီကတော့ လူငယ်ပီပီ စူးစမ်းလေ့လာချင်သည်။

အစိုးရဆေးရုံမှာ အလုပ်ဝင်ပြီး တာဝန်ကျရာ အဂုပ်ဒေသတွေကို သွားချင်သလို ဆေးခန်းထိုင်ရင်တောင် မြို့ပြမှာ ထိုင်ချင်သူ။ မြို့မှာဆို သူမအတွက် အခွင့်အလမ်းတွေ အများကြီး ရနိုင်သည်မ။

ဒါပေမယ့် သူမဘဝက ဆေးကျောင်းတက်ဖို့တောင် ရွာကထားပေးမှ တက်ရမယ့် ဘဝဆိုတော့ သူမကို မျှော်လင့်နေကြတဲ့ ရွာသားတွေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးရုံမှတစ်ပါး အခြားမရှိပြီလေ။ ရွာကို ပြန်မလာနိုင်ဘဲ ရွာပိုက်ဆံနဲ့ ကျောင်းတက်ဖို့ ဆိုတာ မဖြစ်သင့် ဘူးလေ။

သူမမိဘတွေရဲ့ အခြေအနေကိုလည်း သူမအသိဆုံးပဲလေ။

မေသရဖီတစ်ယောက် မလုပ်ချင်သော အရာတစ်ခုကို လုပ်ဖို့ ကတိပေးလိုက်ရသည်။

သူမရွာကို ပြန်မလာဘူးဆိုရင်လည်း ကျောင်းထားပေးကြမှာပါပဲ။ ဒါပေမယ့် ရွာသားတွေရဲ့ ဆန္ဒကို သိနေမှတော့ ဘယ်လိုဥပေက္ခာ ပြုရမလဲ။

ကိုယ့်မိဘပိုက်ဆံနဲ့ တက်တာဆိုရင်တော့ တစ်မျိုးပေါ့လေ။

ဘဝဆိုတာ ဒီလိုပါပဲ။ ဖြစ်ချင်တာမဖြစ်ရ။ မဖြစ်ချင်တာဖြစ်ရ။ တချို့ တချို့တွေအတွက် ဘဝက တော်တော်ဒုရာမာ ချိုးပါတယ်လေ။

***

မေသရဖီ ဆန္ဒက ရွာကိုမချစ်မခင်တာ မဟုတ်ပါ။ သူမဟာ ငယ်ရွယ်ပေမယ့် အတွေး အခေါ် ထက်မြက်သူပါ။

သူမစိတ်ထဲမှာ ရွာကလေးတစ်ရွာထက် ရွာပေါင်းမြို့ပေါင်းများစွာက လူတွေကို ဆေးကု ပေးချင်တာလည်း အာသီသပြင်းပြနေပါသည်။

ဆေးပညာတွေကို ဆထက်တိုး၍ လေ့လာချင်သည်။ ထိုသို့လေ့လာဖို့အတွက် ရွာမှာဆို ရင် ဘယ်လိုမှ အဆင်မပြေနိုင်။

ဒါပေမဲ့...

သူမ ဘာတတ်နိုင်မှာလဲ။

ကတိစကားတစ်ခွန်းနဲ့ သူမဆေးကျောင်းတက်ခဲ့ရပါပြီ။

ရွာစရိတ်နဲ့ တက်ရတာ မို့ ရွာက ထောက်ပံ့တဲ့ လစဉ်စရိတ်နဲ့ တတ်နိုင်သမျှလောက် အောင် သုံးရပါသည်။

ထပ်တောင်းရတာ လည်း အားနာသည်။ ကျောင်းတက်ဖို့ အမေက ဝတ်စုံအသစ်ကလေး နှစ်စုံ ချုပ်ပေးသည်။ အကောင်းစားတော့ မဟုတ်ပါ။ ဘကြီးနဲ့ အရီးလေးတို့ အမျိုးတစ်သိုက် က နှစ်စုံချုပ်ပေး၍ အသစ်ကလေး

လေးစုံဖြစ်သွားသည်။

ကျန်တာက သူပေး ငါပေးနဲ့ တစ်ပတ်တစ်ရစ်ကလေးတွေ ဝိုင်းပေးလိုက်ကြသဖြင့် အဝတ်အစား မပူရတော့ ။ အမေ ဆယ်တန်းနစ်မှ ဝယ်ပေးထားတဲ့ လွယ်အိတ်အသစ်ကလေး ပဲ ဆက်လွယ်ရမှာ။ ရှိတဲ့ စတီးလ်သုံးဆင့်ချိုင့်ကလေးကလည်း zebra တံဆိပ် မဟုတ်တဲ့ ပေါပေါပဲပဲ စတီးလ်အပါးစားလေး။ ချိုင့်ကိုင်းလေးတောင် နည်းနည်းချောင်နေပြီ။ မတတ်နိုင် တော့လည်း ရှိတာလေးနဲ့ပဲ ခရီးဆက်ရမှာပေ့ါ။ နွေမိုးဆောင်းစီးလို့ရတဲ့ ယင်းမာဖိနပ် အဖြူ ရောင်လေးက သူမခြေထောက်ဖြူဖြူလေးနဲ့ လိုက်ဖက်နေသည်။

ဘဂအခြေမလှပေမယ့် ရုပ်ရည်ကတော့ ရှိတာမို့ သူမဝတ်လိုက်ရင် တင့်တော့ တင်ပါ၏ ။ နဂိုရှိတော့ နဂိုင်းထွက်တာပေ့ါလေ။

ပညာရေးဖောင်ဒေးရှင်းတွေကို လိုက်လျှောက်ဖို့လည်း ရွာက လူကြီးတွေ စီစဉ်နေကြ သည်။

သူမအဖြစ်က အရပ်ကူပါ ရွာဝိုင်းပါ ဖြစ်နေသည်။

တကယ်ဆင်းရဲကြောင်း ထောက်ခံစာတွေလည်း လုပ်ရသည်။ သူမဘဂဆိုးလိုက်တာ နော်။ တကယ်ဆင်းရဲကြောင်းထောက်ခံစာကို ကျေးရွာဆရာတော်နဲ့ ရဲစခန်းက ထောက်ခံပေး သည်။

သူမဖောင်ဒေးရှင်း တစ်ခုက ထောက်ပံ့ကြေးရလိုက်သည်။

ထောက်ပံ့ကြေးကလည်း အများကြီးတော့ မဟုတ်ပေမယ့် လုံလုံလောက်လောက် မဟုတ်ပေမယ့် နည်းနည်းတော့ ဝင်ခုသေးတာမို့ ရွာရော သူမပါ ပျော်ရပါသည်။

ဖောင်ဒေးရှင်းတွေအနေနဲ့လည်း လူအရေအတွက် များများကို မလောက်မင မစို့မပို့ ထောက်ပံ့မယ့်အစား တစ်ယောက်ဆိုတစ်ယောက်

နှစ်ယောက်ဆိုနှစ်ယောက် တတ်နိုင်သ လောက် ထိထိရောက်ရောက် တာဝန်ယူ ထောက်ပံ့ပေးရင် ကောင်းမည်။

ဘာပဲဖြစ်ဖြစ် သူမကတော့ အများကောင်းမှုနဲ့ ဆေးကျောင်းတက်ဖို့ အဆင်ပြေသွားပါ သည်။

မေသရဖီပျော်နေပါသည်။ စာကြိုးစားဖို့လည်း အားမာန်တွေ အပြည့်ပါ။ သူမ မိခင်က လည်း လိမ္မာဖို့ တတွတ်တွတ် ဆုံးမပါသည်။

တစ်ခါမှ မခွဲဘူးတာမို့ အဆောင် သွားနေပြီး ကျောင်းတက်ဖို့ကို စိတ်မချနိုင်ဘဲ မှာတမ်း ခြွေမဆုံး ဖြစ်နေသည်။

"သမီး ပိုက်ဆံလိုရင်ပြောနော်၊ အမေတို့ မဖြစ်ဖြစ်သလို ရှာပေးမယ် သိလား။ ဒါပေမယ့် မလိုအပ်တာတော့ မသုံးနဲ့ ။ ကိုယ့်ဘဝကိုသိနော် သမီး"

"မြို့ပေါ်မှာ လူလိမ်လူကောက်တွေ များတယ်၊ ဘယ်သူ့မှ မယုံနဲ့နော် သမီး"

"ဘုရားမှန်မှန် ရှိခိုးနော် ကျန်းမာရေးလည်း ဂရုစိုက်နော သမီးလေး"

"အစစ အရာရာ သတိလေးနဲ့ နေနော် ။ ရည်းစားလည်း မထားနဲ့နော် သမီး။ သမီးက ဆရာဝန်ဖြစ်ရင် ရွာကို ပြန်လာရမှာ မမေ့နဲ့နော်"

ကျောင်းမသွားရခင် သတိရတိုင်း တတွတ်တွတ်ဆုံးမတဲ့ မိခင်ဖြစ်သူကြောင့် မေသရဖီ လည်း ခေါင်းညိတ်ရလွန်းလို့ ပုတ်သင်ညို ဖြစ်နေပါပြီ။

ဖခင်ဖြစ်သူကတော့ အလုပ်တွေ မရပ်မနား လိုက်လုပ်နေတာ အိမ်တောင်မကပ်။ သူမ သွားတဲ့အချိန် ပိုက်ဆံလေး ရသလောက် ထည့်ပေးလိုက်ချင်လို့တဲ့လေ။ မိခင် ဖခင်တို့ရဲ့ မေတ္တာတရားက သူမမျက်ရည်ဝဲမိတဲ့အထိ ကြည်နူးရပါသည်။

***

ရွှာက ပါသမျှလေးနဲ့ ဆေးကျောင်းကို ရောက်လာခဲ့တာ ကျောင်းစတက်တဲ့ နေ့မှာပဲ စိတ်အားငယ်ခဲ့ရသည်။

ဆေးကျောင်းမှာ သူမလို လွယ်အိတ်လွယ်တဲ့သူ ရှာလို့တောင် မတွေ့တော့။

သူမဝတ်တဲ့ အပေါ်စား အဝတ်အထည်တွေက မှုန်မှိုင်းလို့။

ရွှာက ဆံပင်ညှပ်ဆိုင်မှာ ညှပ်လာတဲ့ သူမဆံပင်ပုံစံက ခေတ်မမီတော့။

အဖိုးနည်းပြီး တာရှည်ခံပေမယ့် ယင်းမာဖိနပ်ကလေးကို လုံချည်ရှည်ရှည်ဝတ်ပြီး ဖုံးထားမိသည်။

အမေက archee တစ်ဘူး ဝယ်ပေးလိုက်သည်။ လိမ်းစမရှိတာမို့ မလိမ်းတတ်။ ဟိုနား ပုံ ဒီနားကွက်နဲ့ ပြာတာတာ ကြီး။ ကိုယ့်ရုပ်ကိုယ်တောင် ကြည့်ရတာ အဆင်မပြေလို့ အမြန် မျက်နှာသစ်ပြီး သနပ်ခါးရေကျဲပါးပါးလေးပဲ လူးလိုက်ရသည်။

သူ့ပုံစံက ကျောင်းကင်န်တင်းက ဈေးသည်တွေလောက်တောင် မသားနား။

ထိုနေ့က သူမ စတင် စိတ်အားငယ်သွားသည်။ ဒေါက်ဖိနပ်လှလှလေးတွေကို လိုက်ငေးရင်း သူမခြေသည်းတွေကို ငုံ့ကြည့်မိတော့ တိုတိတိ။ ဒါပေမယ့် ဆေးဆိုးပန်းရိုက် ခြေထောက်တွေ ကြားမှာ သူမ ခြေသည်းလေးတွေ ဖြူစင်သန့်ရှင်းနေခဲ့သည်။

လောကကြီးရဲ့ အလှအပတရားတွေကို ငေးမောရင်း အချိန်ကုန်လို့

ကုန်မှန်းတောင် မသိ၊ အတန်းထဲမှာလည်း အတန်းဖော်တွေ အကုန်က
လန့်ထွက်ပျံတက်နေကြသူတွေ ချည်းပဲ ဆိုတော့ သူမကို အပေါင်းအသင်း
မလုပ်ချင်ကြ။ သူမတစ်ယောက်တည်း ကုပ်ကုပ်ကလေးပေါ့

ပြီးတော့ သူမတို့ အတန်းထဲမှာ Roll - 1 က တစ်နိုင်ငံလုံး
ပထမရထားတဲ့ ကောင်မလေးတဲ့ ။ တော်တော်ချမ်းသာပုံပဲ။ အားကျလိုက်တာ။

ဒါပေမယ့် ညဘက် အဆောင်ပြန်ရောက်တာနဲ့ နဖူးပေါ်လက်တင်ပြီး
သူမစဉ်းစားသည်။ သူမလာတာ စာသင်ဖို့။ ဆရာဝန်ဖြစ်ဖို့ ။စာကလွဲပြီး ဘေးဘီကို
ကြည့်လို့ မဖြစ်ပါ။ အဓိက သူမ စာရဖို့ပဲ၊ ကိုယ့်ကိုယ်ကိုယ် မာန်တင်းကာ
ဆုံးဖြတ်ချက်ချလိုက်မှပဲ ပေါ့သွားတော့သည်။

***

ဒီလိုနဲ့ပဲ ဆေးကျောင်းသူဘဝကို သူမတစ်ယောက်တည်း
ဖြတ်သန်းနေမိသည်။

သူငယ်ချင်းလည်း မရှိချင်တော့။ သူငယ်ချင်းထားရင် သူတို့နဲ့အတူ
မုန့်စားတာမျိုး လုပ်နေရဦးမယ်။

သူမမှာ အပိုသုံးဖို့ မရှိဘူးလေ။ ကျောင်းစရိတ်တောင်
ခြစ်ကုတ်သုံးနေရတာ ။

ကျောင်းတက်မှန်တဲ့ သူမဆီက ကျောင်းပျက်သူတချို့
စာအုပ်လာငှားတာ။ စာလာကူး တာလောက်တော့ ရှိပါသည်။

သူမ ကျူရှင်မတက်နိုင်ပါ။ ထိုအတွက် မသိတဲ့စာတွေ၊ မရှင်းတာတွေဆို

ဆရာတွေ အားမယ့်အချိန်ကို လိုက်စုံစမ်းပြီး စာမေးရသည်။ ဒါတောင် တချို့ ဆရာတွေက မပြောပြချင်ပါ မပြောပြချင်သော မရှင်းပြချင်သော ဆရာမျိုးတွေ တကယ်ကိုရှိပါတယ်။ မအားတာကြောင့် လည်းဖြစ်နိုင်ပါတယ်။ ဆရာတွေက အပြင်ဆေးခန်းတစ်ဖက်၊ ဆေးရုံတစ်ဖက်သမားတွေဆို တော့ အတန်းထဲ စာလာသင်တာတောင် အပြေးအလွှား လာသင်နေကြတာလေ။

ဒါပေမဲ့ သူမကတော့ မရမက စာလိုက်မေးသည်။

အားတာနဲ့ စာအုပ်နဲ့ မျက်နှာမခွာ။ ဘာမှသိပ်ဖြစ်ဖြစ်မြောက်မြောက် မချက်တတ်တဲ့ သူမထမင်းချိုင့်မှာ အမြဲပင်တိုင်ဟင်းတွေက ဘဲဥကြော်၊ ကြက်ဥပြုတ်၊ ပဲပြုတ်ဆီဆမ်း။ အမေ ထည့်ပေလိုက်တဲ့ ငါးပိကြော်ကလည်း ပင်တိုင်ထိပ်ခေါင် ပေါ့။ တကယ် သူမ ဘာမှ ဟုတ်တိ ပတ်တိ မချက်တတ်ပါ။

မချက်တတ်ဆို အမေက ထမင်းဟင်းချက်ကို သင်မပေးတာ။ အိမ်မှာ သူမ ဘာမှမလုပ် ရပါ။ ဆယ်တန်းအောင်တဲ့ အထိ အမေပဲ အဝတ်လျှော်ပေးတာ။ အဝတ်တောင် သေချာဖြူစင် အောင် မလျှော်တတ်၊ အမေပဲ အကုန်လုပ်ပေးတာပါ။ ဒီရောက်တော့ ဟိုမတတ်၊ ဒီမတတ်နဲ့ ဒုက္ခများပါတော့သည်။

အမေကပြောသည်။

“လုပ်တတ်ရင် လုပ်နေရမှာစိုးလို့ မသင်ပေးတာ၊ သမီးကဉာဏ်ကောင်းတယ်၊ စာကြိုး စား ၊ ပညာတတ်ကြီးဖြစ်အောင်လုပ် ၊ အမေတို့လို အလုပ်ကြမ်းတွေ မလုပ်စေချင်ဘူး။ အမေတို့လို ခြေနင်းဖတ်မှာ ထိုင်ရတဲ့သူ မဖြစ်စေချင်ဘူး၊ အမေ ပညာမတတ်ပေမယ့် အမေ့ သမီးကို တော့ ပညာတတ်စေချင်တယ်၊ လူချင်းယှဉ်ထိုင်ရင်တောင် ခေါင်းရင်းခန်းမှာ ထိုင်စေ ချင်တာ”

အမေဟာ တကယ့်ကို သူမကို ဘာမှ မခိုင်းခဲ့ပါ။ ခုလည်း အမေ့ရည်မှန်းချက်က သူမ ဆရာဝန်မကြီးအဖြစ် ရွာကိုပြန်လာဖို့ပဲ။

ရွာပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးမှာပဲ ကျင်လည်ခဲ့ရတဲ့ အမေဟာ ရန်ကုန်ဆိုတာ TV ထဲမှာပဲ မြင်ဖူးတာ။ မန္တလေးဆိုတာ ကြားပဲကြားဖူးတာ။
ကျိုက်ထီးရိုးဘုရားဆိုလည်း ဈေးမှာရောင်းတဲ့ ပုံတော် ပြက္ခဒိန်ထဲလောက်ပဲ ဖူးဖူးတာ။

ဒီတော့ အမေက သူမကို ရွာကိုပဲ ပြန်လာစေချင်တာ မဆန်းပါ။

သူမဆေးကျောင်းဝင်ခွင့်ရတော့ သူမထက်ကို အဖေနဲ့ အမေက ပိုပြီးပျော်နေခဲ့တာပါ။

ဘောပင်ပဲ ကိုင်ခဲ့ဖူးတဲ့ သူမလက်ကလေးတွေက နုဖပ်နေပေမယ့် အမေနဲ့ အဖေရဲ့ လက်တွေကတော့ အသမာတွေ တက်ပြီးကြမ်းရှနေခဲ့ပါပြီ။ ဘာပဲဖြစ်ဖြစ် သူမပြန်ရပါမည်။

*

# အခန်း(၃)

ဆေးကျောင်းမှာ အနွမ်းဖတ်ဆုံး ကျောင်းသားဆိုရင် သူမကို လက်ညှိုးညွှန်ရမည်ပေ့ါ။

ဘေးဘီကို ဥပေက္ခာပြုပါများတော့ သူမ ဘာကိုမှ မမြင်တော့။ သူငယ်ချင်းလည်း မထားဘဲ အမြဲတစ်ယောက်တည်းသော သူမကို သတိထားမိသူူရှိလာပါသည်။

သူက ဆေးကျောင်းသား မော်ဒယ်လ်ဘွိုင်း ကျော်သရသွင်။

တကယ်တော့ ကျော်သရက သူမကို အသုံးချဖို့ စိတ်ဝင်စားတာပါ။

ကျော်သရသွင် တစ်ယောက် နာမည်ကြီးချင်လို့ သူမကို အသုံးချချင်တာ။

သူမကို တွဲပြရင် ကျောင်းထဲမှာ နာမည်ကြီးသွားမှာ သေချာနေသည်လေ။ ကျော်သရသွင်က ဆော်ကြည်ဘဲလေ။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်။ သူ့နောက်လိုက်နေတဲ့ ကောင်မလေးတွေလည်း တစ်ပုံကြီး။ ခုခေတ် မိန်းကလေးတွေက ကိုရီးယားရူးနေကြတာဆို တော့ မိန်းကလေးကစတဲ့ခေတ် ဖြစ်နေကြတာ။

နဂိုတည်းက နာမည်ကြီးနေတာကို ထပ်ပြီးစတန့် ထွင်ကာ မေသရဖီလို ကောင်မလေး မျိုးကို တွဲပြကာ ပိုပြီးနာမည်ကြီးအောင် လုပ်ချင်တာ။ ခုခေတ်က facebook cele ဖြစ်ဂင်လည်း လူသိတဲ့ခေတ်ဆိုတော့ နာမည်မကြီး ကြီးအောင် လုပ်ချင်တာ။ သူက ဆက္ကဝန် ဖြစ်ချင်တာထက် နာမည်ကြီး အနုပညာသမား ဖြစ်ချင်တာက ပိုသည်။

သူ့ကို အနုပညာအသိုင်းအဝိုင်းက ပိုပြီးသတိထားမိအောင် ဖောက်ချင်နေတာ။

ချုခေတ်က ဘုရားသွားကျောင်းတက် လုပ်ပြလို့ ပေါက်ခဲ့ခေတ် မဟုတ်။ အလွဲအချော် တစ်ခုခု လုပ်ပြလိုက်မှ ပေါက်တဲ့ခေတ်ဆိုတော့ကာ မေသရဖီကို အသုံးချဖို့ ဉာဏ်နီ ဉာဏ်နက်တွေနဲ့ အကြံဆိုးတွေ ကြံတော့သည်။

မေသရဖီကို သူ လေ့လာနေတာ ကြာပါပြီ။ ရုပ်အဆိုးကြီးမဟုတ်။ လှတဲ့ဘက်တောင် ပါသေးသည်။ မပြင်မဆင်ချို့တဲ့နေလို့သာ။ အပြတ်ဆင်ပေးလိုက်ဂင် တော်တော်မိုက်သွားမှာ။

တခြားကောင်မလေးတွေကိုသာ တန်းတူဆင်ကြည့်လိုက်ရင် တော်တော်လင်းလက် သွားမှာ။

ပြီးတော့ ကောင်မလေးကြည့်ရတာ အားငယ်စွာ ငုံ့လျှိုးနေပုံလေးနဲ့ တစ်ဦးတည်းအ ထီးကျန်နေတာ။ သူလို King တစ်ယောက်ကသာ သွားစလိုက်ရင် အသာလေးပါလာမှာ။ သူ့ တွက်ကိန်းနဲ့ သူ သေချာနေခဲ့ပါသည်။

တစ်ရက်သူမကျောင်းထဲအလာ သူ သူမနောက်က လိုက်လာခဲ့သည်။ သူမနားမသိမသာ ကပ်လျှောက်တော့ သူမနောက် ကျားလိုက်လာသလို ခပ်သွက်သွက် လျှောက်သွားသည်။ သူကတော့ ရှုံးအပဲ့ခံပြီး အမြန်လိုက်မလျှောက်ပါ။ ပုံမှန်ပဲ။ သူမကို သွားခွင့်ပေးလိုက်သည်။

နောက်ရက်တွေလည်း အဲလိုပဲ။ သူမကို စောင့်နေ။ သူမလာမှ သူမနားက လိုက်လျှောက်။ သူမက ထွက်ပြေး။ ကြာတော့ သူမကို တမင်လာစောင့်နေတာ သူမရိပ်မိသွား သလို ဘေးလူတွေလည်း သတိထားမိလာသည်။

သူတို့သတင်းက ကျောင်းထဲမှာ ဝက်ဝက်ကွဲကို ပေါက်သွားတာပေါ့။ တချို့ကောင်မ လေးတွေက သူ့ကိုပေါ်တင် လာမေးသည်။

"ယူ. . မေသရဖီနောက် ဘာလိုက်လုပ်နေတာလဲ"

"ဘာလိုက်လုပ်တယ် ထင်လဲ"

"ဒီအဆင်နဲ့ ဒီအဆင်ဆိုတော့ မထင်တတ်လို့ပေါ့"

သူဘာမှပြန်မဖြေဘဲ ပခုံးတွန့်ပြီး ရယ်နေလိုက်တော့ အားလုံးက နားမလည်သလို။

သူ့သူငယ်ချင်းတွေမေးလည်း သူ မပြောပြပါ။

တစ်ရက် သူ မေသရဖီရှိရာ စားပွဲမှာ သွားထိုင်တော့ သူမလန့်သွားသည်။

ထထွက်သွားမလို ပြင်နေပေမယ့် သူ သူမ လွယ်အိတ်ကို ဆွဲထားလိုက်သည်။

"ဘာလုပ်တာလဲ"

သူမအသံက မနှစ်မြို့သလို ခပ်ဆတ်ဆတ် ထွက်လာသည်။

"တစ်တန်းတည်းသားချင်းပဲကွာ ။ သူူငယ်ချင်းချင်း ဘာဖြစ်တာလဲ"

"ကျွန်မမှာ သူငယ်ချင်းမရှိဘူး"

"ကိုယ် မင်းနဲ့ ခင်ချင်လို့"

"ကျွန်မ မခင်ချင်ဘူး"

"ဘာဖြစ်လို့လဲ "

"ဘာမှမဖြစ်ဘူး၊ ဘယ်သူနဲ့မှ မခင်ချင်ဘူး တစ်ယောက်တည်း အေးဆေးနေချင် တယ်။ ကျွန်မလွယ်အိတ်ကို လွှတ်"

ပြောပြောဆိုဆိုနဲ့ ဆောင့်ဆွဲယူကာ ထွက်သွားတော့ ဖုန်းမီးရောင်တွေ

လက်သွား၏ ။

***

facebook ပေါ်မှာ သူတို့နှစ်ယောက်ပုံတွေ တက်လာသည်။

ကျော်သဂ္ဂသွင်တော့ နာမည်ကြီးပြီးရင်း ကြီးပေါ့။ မောဒယ်လ် လောက ကပါ သိကုန် ကြ၏ ။

သူက သူမကို ယုန်မလေးလို့ ထင်ထားတာ၊ သူမက ထင်သလို မနူးညံ့ မကြောက် တတ်ပါ။ ခပ်တည်တည် ခပ်တင်းတင်းပဲ။

သူမဖုန်းက ဂိုးရိုး keypad ဖုန်းလေး။ သူမကြည့်ရတာ facebook လည်း သုံးပုံမပေါ်။

အနီးကပ် အကဲခတ်ကြည့်တော့ သူမပါးဝင်းဝင်းလေးတွေက စိမ်းဖန့်နေသည်။ ကြည့်ပါ များတော့ မြင်လာသည်၊ တွေ့လာသည်။ ပြီးတော့ ပြေးတော့ လိုက်ချင်လာသည်။

ဘယ်လိုမှ ရင်ခုန်ချင်စရာ မကောင်းသော ပေစုတ်စုတ် ကောင်မလေးက ခါနေတာကို သဘောကျပေမယ့် သိက္ခာကျသလို ခံစားရလာသည်။

ကျောင်းထဲမှာလည်း သူတို့ သတင်းက ကြီးပြီးရင်း ကြီးလာသည်။

တခြားစီဖြစ်နေတဲ့ မိုးနဲ့မြေ အခြေအနေက သူတို့ ဇာတ်လမ်းကို အများက စိတ်ဝင်စား လာကြသည်။ တကယ်ဆို ဒီလောက်နဲ့ပဲ သူရပ်လိုက်သည်။ သူမဘက်ကသာ သူ့ကိုရှူးသွပ်ခဲ့ မယ်ဆိုရင်ပေါ့။ ခုတော့ သူမဘက်က တင်းနေ၍ သူကို့ရို့ကားကားဖြစ်နေသည်။ ဘာဆက်လုပ် ရမှန်းတောင် မသိတော့။

ရှေ့ဆက်ဖို့လည်း ဆန္ဒမရှိတော့သလို ရပ်လိုက်ဖို့လည်း အဆင်မပြေ။ သူ့ရင်ထဲမှာ သူမကိုတော့ မှတ်မှတ်သားသား ဖြစ်သွားသည်။

သူတွေ့ဖူးတဲ့ လူကုံထံမိန်းကလေးတွေနဲ့ မတူပါလား။

တဖြည်းဖြည်းနဲ့ ဘေးလူတွေလည်း သူကျရှုံးတာကို ဂိုပ်မိလာကြကာ အံ့သြနေကြသည် ပြီးတော့ လူသဘာဝ အတိုင်း စကားတင်းဆိုကြပြီ။

“ကျော်သရသွင် သူ့ကိုယ်သူ ဇန်းတင်ချင်လို့ ထွင်လိုက်တာ သူ့ူက ဇန်းမတက်ဘဲ ဟိုကောင်မလေး ဇန်းတက်သွားပြီ။ ကောင်မ ချေချလိုက်တာ ကျော်သရသွင်တော့ ကြေ ထွက်သွားတာပဲ”

“ဟဲ့ ဘာကြေတာလဲ”

“ဇန်းတွေကြေတာ ပြောတာပါအေ။ ဂွမ်းသွားတာ”

“အဲလို ရှင်းရှင်းပြော”

“စာတွေး တွေးပါ”

မေသရဖီကို လူသိများလာကာ တချို့ကျောင်းသားတွေကပါ မေသရဖီကို စမ်းချင်စိတ် နဲ့ ချဉ်းကပ်လာကြကုန်သည်။

စိတ်ညစ်ရသူက မေသရဖီပါ။ သူမဘာသာ အေးဆေးနေချင်ပါတယ်ဆိုမှ ခုလို လာရှုပ် ကြာတာကို ဘယ်လိုမှ မကြိုက်။ စိတ်အနှောင့်အယှက် ဖြစ်ရသည်။ သူမ သဘောက သူမဘာ သာ အေးအေးဆေးဆေး စာကြိုးစားချင်သူပါ။ ခုတော့ မထင်မှတ်ပဲ ကျောင်းထဲမှာ နာမည်ကြီးနေရသည်။

ကျောင်းသူတွေ အချင်းချင်းလည်း မနာလိုခံရ၊ အလှောင်ပြောင်ခံရနဲ့။ ပတ်ဝန်းကျင် အတိုက်အခိုက် အထေ့အငေါ့တွေကြားမှာ သူမ စိတ်ဓါတ်ကျလာသည်။

ဖြစ်နိုင်ရင် ကျောင်းဆက်မတက်ဘဲ ရွာကိုသာပြန်ပြေးချင်တော့သည်။

ဒီအဖြစ်အပျက် တွေရဲ့ အဓိကတရားခံက ကျော်သရသွင် ။ သင်းကို တော်တော်ကို မုန်းတီးနေမိ၏ ။ ငြိမ်သက် နေတဲ့ သူမဘဝကို ခဲဖြင့် ပစ်ပေါက်တဲ့သူမို့ပါ။

***

တစ်ရက်. . .

သူမနောက်ကို စီနီယာအတန်းက ကျောင်းသားတစ်ယောက် လိုက်လာတာကို သတိထားမိသည်။ ခုတစ်လော တစ်ယောက်မဟုတ် တစ်ယောက် လာနေတာပါပဲ။ တွေးနေတုန်း သူမဖိနပ်ကို နောက်ကနေ တက်နင်းခံလိုက်ရသည်။

"ဟာ. . ဆောရီး"

"ရပါတယ်"

စကားမရှည်ချင်၍ ပြတ်သွားသော ဖိနပ်တစ်ဖက်ကို ချွတ်ကာ လွယ်အိတ်ထဲ အဆင်သင့်ဆောင်ထားသော ချိတ်ကိုထုတ်ပြီး ဖိနပ်သဲကြိုးကို ချိတ်နဲ့ ပြန်ချိတ်ဆက်ကာ စီးလိုက်သည်။

"ညီမ အစ်ကို ဖိနပ်ပြန်ဝယ်ပေးပါ့မယ်၊ size ဘယ်လောက်"

"ဆောရီးပဲ. . ရတယ်။ ပြန်မဝယ်ပေးနဲ့။ ကျွန်မကိုလည်း ဘာကိစ္စအတွက်နဲ့မှ လာမ ပတ်သတ်နဲ့"

"မင်းက ချေလှချည်လား"

သူမ ဘာမှဆက်မပြောတော့ပဲ လှည့်ထွက်လာခဲ့သည်။ နောက်ဘက်မှ တောက်ခေါက်သံ ခပ်ပြင်းပြင်း ထွက်လာတော့ သူမ ကျောချမ်းသွားသည်။

ဘာလို့များ သူမကိုနှောင့်ယှက်ချင်ရပါလိမ့်။

သူမကို သိနေပြီး သဘောကောင်းပုံရသော ဆရာမဆီသွားကာ အကျိုးအကြောင်းတွေ ပြောပြလိုက်ကာ သူမကို မနှောက်ယှက်ဖို့ ပြောပေးပါဟု ဆရာမကို အကူအညီတောင်းမိသည်

ဆရာမက သူမကို သနားသွားလားမသိ ။ သူ့မှာရှိသော ဆေးစာအုပ်တွေ လက်ဆောင် ပေးကာ ကျောင်းသားတွေကို ပြောပေးမည်ဟု ကတိပေးသည်။

နောက်တော့ ဆရာမ ကျော်သရသွင်ကို ခေါ်ပြောလိုက်သည်။ နီးစပ်ရာ ကျောင်းသား ကျောင်းသူတွေကိုလည်း ရှင်းပြပေးသည်။

သူမဟာ ဖိနပ်သစ် ထပ်မဝယ်ပဲ ချိတ်တပ်ထားသော ဖိနပ်နဲ့ပဲ ကျောင်းဆက်တက်ခဲ့ သည်။ သူမကိုစောင့်ကြည့်နေသူတွေ ရှိပေမယ့်၊ ရှက်ပေမဲ့လည်း ရွဲ့ကာ ထိုဖိနပ်ကိုပဲ တမင် ဆက်စီးခဲ့ပါသည်။ ဒါပေမဲ့လေ မရွဲ့လည်း သူမ အဝတ်အစားတွေက နွမ်းမြဲ။ သူမရဲ့ ကချင် လွယ်အိတ်လေး ကြိုးအနက်ရောင်က ဖြူဖျော့ဝါကျင်နေပါပြီလေ။

ဒါပေမယ့် သူမနောက်ကို လိုက်နှောင့်ယှက်သူတွေ မရှိတော့။

“ကိုယ်တောင်းပန်ပါတယ် မေသရ”

“မေသရ”

“ဟုတ်တယ်. . .ကိုယ့်ကို သူငယ်ချင်းတွေက သရလို့ ခေါ်ကြတယ်၊ မင်းနာမည်မှာ လည်း သရပါတော့ မေသရဖီကကို ဖြတ်ခေါ်လိုက်တာ”

“ထားပါ”

“ကိုယ်တောင်းပန်ပါတယ်”

“မင်းကို ဖိနပ်တစ်ရံလောက် ဝယ်ပေးခွင့်ပြုပါလား”

“သနားလို့လား။ မသနားပါနဲ့။ ကျွန်မဘဝတစ်လျှောက်လုံး သူများသနားတာချည်းပဲ ခံနေရလို့ သနားတာကို သိပ်ခံနိုင်ရည် မရှိဘူး၊ ခါးသီးတယ်။ ကျွန်မကို မသိသလိုနေပေးပါ။ တောင်းပန်တယ်”

“အိုခေ ။ ကျောင်းစာနဲ့ ပတ်သက်ပြီး စာရွက်စာအုပ်တွေ လိုရင်ပြောလေ ငှားမယ်”

“ရပါတယ်၊ ရှင်နဲ့ကို မပတ်သက်ချင်လို့ နားလည်ပေးပါရှင်”

“အိုခေ . . အိုခေ”

ထိုနေ့ကစပြီး သူမရဲ့ ကျောင်းသူဘဝက အရင်အတိုင်းပြန်ဖြစ်သွားသည်။

မိန်းကလေးသူငယ်ချင်းတချို့တော့ သူမရလိုက်သည်။

အဲဒီ နောက်တော့ ပုံမှန်ပဲ ဖြတ်သန်းရင်း သူမရဲ့ ကျောင်းသူဘဝတွေ ကုန်ဆုံးခဲ့သည်။

ကျော်သူရသွင်လည်း တဖြည်းဖြည်းန ာမည်ကြီးမော်ဒယ်တစ်ယောက် ဖြစ်လာကာ ဇာတ်လမ်းတွဲတွေတောင် ရိုက်နေပြီ။

သူမကတော့ သူမကို အသုံးချချင်တဲ့သူ့ကို သိပ်မုန်းပါသည်။

လူတစ်ယောက်က လူတစ်ယောက်ကို လှေကားထစ်တစ်ခုလို အသုံးချတာလောက် မုန်းတာမရှိ။ အနင်းခံရတာ တော်တော်နာကျင်မိပါသည်၊

***

ရွာမှာ ပိုက်ဆံအချမ်းသာဆုံးက ဒေါ်တင်ညို။ ဒေါ်တင်ညိုမှာ သားတစ်ယောက်ရှိသည်။ ဒေါ်တင်ညို့သားက ဗိုလ်သင်တန်းတက်နေသည်။

ဒေါ်တင်ညိုက အကြံကြီးသည်။ မေသရဖီကို သူ့သားနဲ့ သဘောတူကာ မေသရဖီကို ကျောင်းစရိတ်ထောက်ပြီး သိမ်းပိုက်ဖို့ အကြံရသည်။

ထိုအကြံကို ရွာလူကြီးကို သွားပြော၏ ။ ကျေးရွာအုပ်ချုပ်ရေးမှူးပေ့ါလေ။

“အုပ်ချုပ်ရေးမှူးကြီးရေ ပြောစရာရှိလို့”

“ဘာများတုန်း မတင်ညို”

“ဒီလိုပါ၊ မေသရဖီလေး ကိစ္စလေ”

“မေသရဖီ ဘာဖြစ်လို့လဲ”

“ဘာမှတော့ မဖြစ်ပါဘူး။ ဒီလိုပါ မေသရဖီလေးကို ရွာက ဝိုင်းထောက်မယ့်အစား ကျွန်မကပဲ တာဝန်ယူ ထောက်ပံ့ပေးချင်လို့ လာတိုင်ပင်တာပါ။”

“ခင်ဗျားက ပညာဒါနပြုမယ်ပေ့ါ”

“အဲဒီ သဘောပေ့ါရှင် ”

“ဘယ်သူပဲ ပညာဒါနပြုပြုပါလေ မေသရဖီလေး ဆရာဝန်ဖြစ်လာရင် ရွာမှာပဲ နေရမယ် ဆိုတဲ့ သဘောတူညီချက်ကိုတော့ လိုက်နာရမှာပဲ ဒေါ်တင်ညို ။ ဒါက ရွာအတွက် ရွာပိုင်ဆရာဝန် လိုချင်လို့ ရွာကောင်းဖို့လုပ်ရတာ ခင်ဗျားလည်း သိပါတယ်”

“ရပါတယ်၊ ကျွန်မအဲဒီ အချက်ကို သဘောတူပါတယ်။ တစ်ခုပဲ ကျွန်မဘက်က တောင်းဆိုစရာလေးတော့ ရှိတာပေ့ါ အုပ်ချုပ်ရေးမှူးကြီးရယ်”

"ဘာများလဲ မတင်ညို"

"ဒီလိုပါ. . မေသရဖီလေး ကျောင်းပြီးရင် ကျွန်မသားနဲ့ နေရာချထားပေးချင်တာပါ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်ပေ့ါ အုပ်ချုပ်ရေးမှူးကြီးရယ်၊ ပြီးတော့ မေသရဖီက ရွာမှာပဲ ဆေးခန်းထိုင်မှာဆိုတော့ ကျွန်မလည်း အလိမ္မာအိမ်ပါ ချွေးမလေး ရတာ ပေ့ါ"

"ခင်ဗျားသားက တာဝန်ကျရာ သွားနေရမှာလေ။ တော်ကြာ မေသရဖီပါ သူ့တာဝန် ကျရာ လိုက်နေရမှာပေ့ါဗျ"

"မလိုက်ရပါဘူး၊ အုပ်ချုပ်ရေးမှူးကြီးရယ် ။ မေသရဖီကို ရွာမှာပဲ ထားမှာပါ။ တော်ကြာ သားက တခြားကမိန်းကလေး ယူလာရင် သားပါ ပါသွားမှာစိုးလို့ တမင် ရွာမှာရှိမယ့်သူမျိုးနဲ့ပဲ ပေးစားချင်တာ။ ကျွန်မလည်း အဖော်ရအောင်လို့လေ။"

"ဒါကတော့ ကျုပ်တို့ ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး မတင်ညို။ ကလေးမ မိဘတွေကိုပဲ သွားပြောရမှာ"

"အုပ်ချုပ်ရေးမှူးကြီးပဲ ပြောပေးပေ့ါလား"

"ကိုယ်တိုင်ပဲ သွားပြောပါ မတင်ညို ။ သူတို့လက်ခံတော့လည်း ပြီးပြီပေ့ါ။ ကိုယ့်ရွာ သားချင်းပဲ။ အဲ. . သူူတို့ လက်မခံရင်လည်း ခင်ဗျား စိတ်မဆိုးနဲ့"

"ဟုတ်ကဲ့ပါ"

ဒေါ်တင်ညိုက လည်တာပါ၊ လူကြီးတွေဆီက ခွင့်ပြုချက်ရတာ နဲ့ မေသရဖီမိခင်ဆီ သွား ပြောသည်။

မေသရဖီ မိဘတွေက လက်မခံကြ။

"မမတင်ညိုသားနဲ့ သဘောမတူစရာ မရှိပါဘူး။ မမတင်ညိုရယ်။ ဒါပေမယ့် သမီးလေး ကို သူ့စိတ်ကြိုက်ပဲ ရွေးစေချင်တယ်၊ ခုလို ကျောင်းထားပေးလို့

မဖြစ်မနေ လက်ခံရမယ်ဆို တာကြီးက အဆင်မပြေပါဘူး မမတင်ညိုရယ်”

“အိုအေ. . ကျုပ်က ကျောင်းထားပေးရလို့ မဟုတ်ပါဘူး။ တကယ်ကို ချွေးမတော်ချင် လို့ပါ။ ကျုပ်သားကလည်း အရာရှိဖြစ်မှာ ရှေ့သွားနောက်လိုက် ညီမှာပါ။ ပြီးတော့ တစ်ရွာတည်းသားချင်း ဆိုတော့ အတွင်းသိတွေလေ”

“ဟုတ်ပါတယ် ဒါပေမယ့် သမီးလေးကို သူ့စိတ်ကြိုက်ပဲ ရွေးစေချင်ပါတယ်၊ ကိုယ့်တုန်း ကလည်း ကိုယ်ကြိုက်တာ ကိုယ်ယူခဲ့ကြတာလေ မမတင်ညိုရယ်”

“အေးပေ့ါလေ. . ဒါဆိုလည်း ကလေးတွေ ကျောင်းပြီးမှ အခြေအနေကြည့် စီစဉ်ကြ တာပေ့ါ”

ဒေါ်တင်ညို ပြန်သွားတော့ လင်မယားနှစ်ယောက် ငိုင်ပြီး ကျန်ခဲ့သည်။ ဆင်းရဲတော့ စော်ကားတာပေ့ါ။

“တောက်”

ယောကျ်ားဖြစ်သူရဲ့ မချိတင်ကဲ တောက်ခေါက်သံကို မိန်းမဖြစ်သူက မျက်ရည်အဝဲသား နှင့် ကြားနေရသည်။

“ငါရှာမယ်. . .ငါပိုက်ဆံရှာမယ်။ အဲဒါ ငါတို့ ဆင်းရဲလို့မြေနိမ့်ရာ လှံစိုက်တာ။ သူ့သား မိုလ်မကလို့ ဘာကောင်ကြီးပဲဖြစ်ဖြစ် သောက်ဂရုမစိုက်ဘူး”

“ကျုပ်တို့ ဝမ်းထဲ လာဝင်စားလို့ ဒီကလေးကံဆိုးရှာတာပါတော်၊ ခများလေး ချို့တဲ့ရတဲ ကြားထဲတော်”

*